**2027 ခုနှစ် ဧပြီလ ကျောင်းဝင်ခွင့်**

မိတိုယော့မြို့မှတည်ထောင်ထားသော တာကာ့ဆဲ အလယ်တန်းကျောင်း၏ ညကျောင်းသင်တန်း

နေရာ - ခါဂါ့ဝါ့ခရိုင် မိတိုယော့မြို့ တာကာ့ဆဲချော ရှီမိုခါဆွတ်မာ့ 2725 ဘန်းချိ 1 (တာကာ့ဆဲအလယ်တန်းကျောင်းဝန်းအတွင်း)

One MITOYO

# အလယ်တန်းပညာသင်ညကျောင်းအတွက် ကျောင်းသားခေါ်ယူပါမည်



## ကျောင်းတက်ရန်ဆန္ဒရှိသူများအတွက် မိတ်ဆက်ရှင်းလင်းပွဲ

**① 2026年10月30日（金）18：00～**
**② 2026年10月31日（土）10：00～**
**③ 2026年10月31日（土）13：30～**

ကျောင်းတက်ရန်ဆန္ဒရှိသူများအတွက်
မိတ်ဆက်ရှင်းလင်းပွဲကို
အလယ်တန်းပညာသင်ညကျောင်းသို့တက်ရောက်ရန်
ဆန္ဒရှိသည့် "ကျောင်းနေအရွယ်ကျော်လွန်သွားသည့်သူများ"
အတွက်ရည်ရွယ်ပြီး ကျင်းပပေးသွားပါမည်။

ကျင်းပမည့်နေရာ

မိတိုယော့မြို့မှတည်ထောင်ထားသောတာကာ့ဆဲ အလယ်တန်းကျောင်း၏ ညကျောင်းသင်တန်း



*ကျောင်းတက်ရန်ဆန္ဒရှိသည့်သူများသည် မိတ်ဆက်ရှင်းလင်းပွဲ 3 ကြိမ်အနက်မှ တစ်ကြိမ်ကြိမ်သို့ တက်ရောက်ပေးပါ။

*မည်သည့်အကြိမ်ကိုမျှတက်ရောက်နိုင်ခြင်းမရှိပါက မိတိုယော့မြို့ ပညာရေးကော်မတီနှင့် ဆွေးနွေးတိုင်ပင်ပါ။

*မိတ်ဆက်ရှင်းလင်းပွဲသို့တက်ရောက်ရန်အတွက် ကြိုတင်စာရင်းပေးသွင်းရန်လိုအပ်ပါသည်။
(နောက်ကျောဘက်စာမျက်နှာတွင်ကြည့်ရှုပါ)

*စကားပြန်လိုအပ်ပါက စာရင်းပေးသွင်းချိန်၌ ပြောကြားပေးပါ။
(သို့ရာတွင် ဘာသာစကားများအားလုံးအတွက် အထောက်အကူမပေးနိုင်သည့်အခြေအနေမျိုး ရှိနိုင်ပါမည်။)

*အတန်းကျောင်းပညာသင်ကြားရမည့်အရွယ်ဖြစ်ပြီး ညကျောင်းသင်တန်းတက်ရန်ဆန္ဒရှိသည့်သူများသည် မိတိုယော့မြို့ ပညာရေးကော်မတီနှင့် ဆွေးနွေးတိုင်ပင်ပါ။

*မိတိုယော့မြို့ပြင်ပ၌နေထိုင်သောပုဂ္ဂိုလ်ဖြစ်ပြီး ကျောင်းတက်ရန်ဆန္ဒရှိပါက မိတိုယော့မြို့ ပညာရေးကော်မတီနှင့် ဆွေးနွေးတိုင်ပင်ပါ။



## ကျောင်းဝင်ခွင့်အတွက်လိုအပ်ချက်များ

ကျောင်းဝင်ခွင့်နှင့်အကြုံးဝင်သူများသည်
အတန်းကျောင်းပညာသင်ကြားရမည့်အသက်အရွယ်ကို ကျော်လွန်သွားသည့်သူများ
2012 ခုနှစ် ပြီလ 1 ရက်နေ့ရှေ့ပိုင်းတွင် မွေးဖွားသည့်သူ)
ဖြစ်ရမည်ဖြစ်ပြီး အောက်ပါ 1 ~ 4 မှ တစ်ချက်ချက်နှင့်ကိုက်ညီရန် လိုအပ်ပါသည်။

1. မသင်မနေရပညာရေးစနစ်ကိုပြီးမြောက်ခြင်းမရှိဘဲ အတန်းကျောင်းပညာသင်ကြားရမည့်အသက်အရွယ်ကို ကျော်လွန်သွားသည့်သူများ
2. အကြောင်းအမျိုးမျိုးကြောင့် လုံလောက်သောပညာရေးမရရှိခဲ့ဘဲ အလယ်တန်းအောင်မြင်ထားသည့်သူများ
3. ပြည်ပနိုင်ငံသားဖြစ်ပြီး ဂျပန်နိုင်ငံ၏ မသင်မနေရပညာရေးစနစ်နှင့် ကိုက်ညီသောပညာရေးမျိုး မရရှိထားသည့်သူ
4. အခြားအချက်အနေနှင့် ကျောင်းဝင်ခွင့်အတွက် မိတိုယော့မြို့ ပညာရေးကော်မတီမှ ထောက်ခံထားသည့်သူ

## မိတိုယော့မြို့အလယ်တန်းပညာသင်ညကျောင်းဆိုသည်မှာ ဤကဲ့သို့သောနေရာမျိုးဖြစ်

- ပြည်သူပိုင်အလယ်တန်းကျောင်း၏ ညပိုင်းသင်တန်းဖြစ်ပါသည်။
- သင်တန်းကြေး ကုန်ကျမှုမရှိပါ။
- အလယ်တန်းကျောင်းမှ ဘာသာရပ်ဆိုင်ရာဆရာအသီးသီးတို့မှ သင်ကြားပေးပါမည်။
- သင်တန်းသည် ညနေ 5 နာရီခန့်မှ စတင်ပြီး ည 9 နာရီခန့်တွင် ပြီးဆုံးပါမည်။
- အလယ်တန်းပညာသင်ညကျောင်းသင်တန်းတက်ရောက်မှုပြီးဆုံးပါက အလယ်တန်းအောင်အရည်အချင်း (အောင်လက်မှတ်) ရရှိနိုင်ပါမည်။
- ကျောင်းနေအရွယ်ကျောင်းသားများနှင့်အတူ သင်ကြားရပါမည်။

## အလယ်တန်းပညာသင်ညကျောင်း၏ 1 ရက်တာအချိန်ဇယား

| | |
|---|---|
| 17:15 ～ 17:20 | တစ်နေ့တာအတွက်မိတ်ဆက်ချိန် |
| 17:20 ～ 18:00 | ပထမအချိန် |
| 18:05 ～ 18:45 | ဒုတိယအချိန် |
| | ခေတ္တနားချိန် |
| 19:00 ～ 19:40 | တတိယအချိန် |
| 19:45 ～ 20:20 | စတုတ္ထအချိန် |
| 20:20 ～ 20:25 | တစ်နေ့တာအတွက်နှုတ်ဆက်ချိန် |



### ကျောင်းတက်ရန်ဆန္ဒရှိသူများအတွက် မိတ်ဆက်ရှင်းလင်းပွဲ၏သတိပြုရန်အချက်များ

### 1. စာရင်းပေးသွင်းရမည့်နည်းလမ်း

မိတ်ဆက်ရှင်းလင်းပွဲသို့တက်ရောက်ရန်အတွက် ကြိုတင်စာရင်းပေးသွင်းရန်လိုအပ်ပါသည်။
အောက်ဖော်ပြပါအချက်တို့ကို ဖုန်း၊ စာရင်းလက်ခံကောင်တာ၊ ဖက်စ်၊ အီးမေးလ် စသည်တို့ဖြင့် စာရင်းပေးရပါမည်။ ဖုန်း၊ စာရင်းလက်ခံကောင်တာတို့ဖြင့်စာရင်းပေးသွင်းမှုကို ကြားရက်များတွင် မနက် 8 နာရီခွဲမှ ညနေ 5 အထိလက်ခံပေးပါမည်။

(1) ကျောင်းတက်ရန်ဆန္ဒရှိသည့်သူ၏အမည်
(2) နေရပ်လိပ်စာ
(3) ဖုန်းနံပါတ်
(4) အသက် (မွေးသက္ကရာဇ်)
(5) တက်ရောက်လိုသည့် ရှင်းလင်းပွဲ၏ ကြိမ်ရေ
(6) စကားပြန်ခေါ်ယူလိုသည့်ဆန္ဒရှိမရှိ
(7) သီးသန့်ဆွေးနွေးလိုသည့်ဆန္ဒရှိမရှိ

### 2. သီးသန့်ဆွေးနွေးခြင်း

ရှင်းလင်းပွဲပြီးဆုံးပြီးနောက်တွင် သီးသန့်ဆွေးနွေးလိုကြောင်း ကြိုတင်စာရင်းပေးထားသူများအတွက် ဆောင်ရွက်ပေးပါမည်။

## ကျောင်းဝင်ခွင့်ရသည်အထိ အဆင့်ဆင့်

1. ကျောင်းတက်ရန်ဆန္ဒရှိသူများအတွက်မိတ်ဆက်ရှင်းလင်းပွဲသို့တက်ရောက်ခြင်း (ကြိမ်ရေတစ်ခုခုတွင် တက်ရောက်ခြင်း)
2. လူချင်းတွေ့ဆုံဆွေးနွေးခြင်း
3. အစမ်းတက်ရောက်သင်ကြားခြင်း (ကျောင်းတက်ရန်ဆန္ဒရှိသူသာ)
4. လျှောက်လွှာတင်ခြင်း
5. လူတွေ့ဖြေဆိုခြင်း
6. ကျောင်းဝင်ခွင့်အတွက်ဆုံးဖြတ်ခြင်း

### စာရင်းပေးသွင်းရန်နှင့် စုံစမ်းမေးမြန်းရန်နေရာ


မိတိုယော့မြို့ပညာရေးကော်မတီရုံး အတန်းကျောင်းပညာရေးဌာန
ဖုန်း 0875-73-3131　　ဖက်စ် 0875-73-3140
အီးမေးလ်လိပ်စာ gakkoukyouiku@city.mitoyo.lg.jp


ミャンマー